
၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်

# ကချင်ပြည်နယ် ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များ



# မာတိကာ


ဥယျောဇဉ် ........ ၅

ဝေါဟာရရှင်းလင်းချက်များ ........ ၆

နိုင်ငံတော်၏ စီးပွားရေး မူဝါဒများ ........ ၈

နိုင်ငံတော်၏ ဘဏ္ဍာရေး မူဝါဒ ........ ၉

ဘဏ္ဍာရေးနှစ်ကာလ ပြောင်းလဲသတ်မှတ်ခြင်း ........ ၁၀

ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင် မိတ်ဆက် ........ ၁၂

ကချင်ပြည်နယ်၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ ........ ၁၄

ကချင်ပြည်နယ် အစိုးရ၏ လုပ်ငန်းတာဝန်များ ........ ၁၅

ကချင်ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ ........ ၁၆

အခန်း (၁)

ရသုံးခန့်မှန်းခြေ ငွေစာရင်းရေးဆွဲခြင်း ........ ၁၈

၁.၁။ ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်း လုပ်ငန်းစဉ်နှင့် ပွင့်လင်းမြင်သာမှု စာစောင်များ ........ ၁၈

၁.၂။ ဘတ်ဂျက် ပြင်ဆင် ရေးဆွဲခြင်း လုပ်ငန်းစဉ် ပြက္ခဒိန် ........ ၂၀

အခန်း (၂)

ပြည်နယ် ဘတ်ဂျက်၏ ဘဏ္ဍာအရင်းအမြစ်များ ........ ၂၁

၂.၁။ ပြည်နယ်ဘတ်ဂျက်၏ ဘဏ္ဍာရင်းမြစ်များ ........ ၂၁

၂.၂။ ကိုယ်တိုင်ရှာဖွေ ရငွေများ ........ ၂၂

၂.၃။ လွှဲပြောင်း ထောက်ပံ့ငွေမှ ရငွေများ ........ ၂၄

အခန်း (၃)

ပြည်နယ် ဘတ်ဂျက်မှ အသုံးစရိတ်များ ........ ၂၆

၃.၁။ ပြည်နယ် အစိုးရ၏ အသုံးစရိတ် ........ ၂၆

၃.၂။ ပြည်နယ် အသုံးစရိတ်များတွင် ကဏ္ဍအလိုက် ပါဝင်မှုများ ........ ၂၇

၃.၃။ သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် ........ ၂၉

နိဂုံးချုပ် အမှာစကား ........ ၃၁

ကျမ်းကိုးစာရင်း ........ ၃၂

ပြည်သူ့ငွေစာရင်းစာစောင်အား လေ့လာဆန်းစစ်ချက် မေးခွန်းလွှာ ........ ၃၃

လေ့လာဖတ်ရှုနိုင်သော အချက်အလက်များ ........ ၃၅

# ဥပယောဇဉ်

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်တွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဘဏ္ဍာရေးကာလ သတ်မှတ်ချက်သည် အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့သို့ ပြောင်းလဲသတ်မှတ်လိုက်ပြီဖြစ်သည်။ ပြောင်းလဲသတ်မှတ်ခြင်း၏ ရည်ရွယ်ချက်မှာ ယေဘုယျအားဖြင့် ပြည်သူ့ရေးရာ ဝန်ဆောင်မှုများကို လျင်မြန်အကျိုးရှိစွာ အကောင်အထည်ဖော်နိုင်စေရန်ဖြစ်ပြီး ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုတွင် တိုးတက် ကောင်းမွန်လာရန် ရည်ရွယ်သည်။ ကချင်ပြည်နယ်တွင်လည်း ဘဏ္ဍာရေးကာလသတ်မှတ်ချက်အသစ်ဖြစ်သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ (၈) ရက်နေ့တွင် ကချင်ပြည်နယ်လွှတ်တော်မှ ဥပဒေအမှတ် (၇) ဖြင့် အတည်ပြုခဲ့ပြီး ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအဖြစ် ကချင်ပြည်နယ် ဝန်ကြီးချုပ်မှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းပြီး ဖြစ်သည်။

ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေသည် ဘဏ္ဍာနှစ် တစ်နှစ်လုံး ပြည်သူ့ဘဏ္ဍာရေးရာ စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် လေလွင့်မှု နည်းပါး၍ ထိရောက်မှု ရှိစေရန် ပြဋ္ဌာန်းထားသည်။ ဘတ်ဂျက်ဟုခေါ် သော အရအသုံးခန့်မှန်းခြေ ငွေစာရင်းဟူသည် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း ပြည်သူတို့၏ ဘဏ္ဍာငွေ ရရှိရေးနှင့် အသုံးစရိတ်များ သုံးစွဲရေးတို့ကို လျာထား ရေးဆွဲ၍ စီမံဆောင်ရွက်ခြင်း ဖြစ်သည်။ အစိုးရ တစ်ရပ်အနေဖြင့် ပြည်သူ့ဘဏ္ဍာကို အကောင်းဆုံး စီမံဆောင်ရွက်ခြင်း ဆိုသည်မှာ ပြည်သူတို့လိုအပ်ချက်များ ဖြည့်ဆည်းပေးရာတွင် ဘဏ္ဍာငွေများကို ထိရောက်စွာ သုံးစွဲပေးနိုင်ခြင်း ဖြစ်သလို ပြည်သူ့ဘဏ္ဍာများကို စီမံခန့်ခွဲရာတွင် ပြည်သူများအတွက် ထိရောက် အကျိုးရှိမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်း ရှိမှုတို့မှာ အရေးကြီးလှသည်။

ကချင်ပြည်နယ် အစိုးရသည် ဘဏ္ဍာရေးကာလ အသစ်စတင်ပြောင်းလဲသော ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိခြင်းတို့၏ ပထမဦးဆုံး ခြေလှမ်းအဖြစ် ဤပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်ကိုပထမဆုံးထုတ်ဝေခြင်းဖြစ်ပါသည်။ နိုင်ငံတော်မှလည်းပွင့်လင်းမြင်သာပြီးကောင်းမွန်တောင့်တင်းသော ပြည်သူ့ ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကို ရည်မှန်းဆောင်ရွက်နေရာ ယခု ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေ ငွေစာရင်းစာစောင်သည် ၎င်း ရည်မှန်းချက်ကို အကောင်အထည် ဖော်လိုက်ခြင်းလည်း ဖြစ်သည်။ ပြည်သူများအားလည်း အစိုးရ၏ အသုံးစရိတ်များ၊ ဝင်ငွေများကို အသိပေးခြင်းဖြင့် နောင်ဘတ်ဂျက်ရေးဆွဲရေး လုပ်ငန်းစဉ်နှင့် ၎င်းနှင့် ဆက်စပ်သော လုပ်ငန်းဆောင်ရွက်မှုများတွင် ပြည်သူအများ၏ ပူးပေါင်း ပါဝင်မှုများလည်း တိုးတက်လာမည်ဟု ယုံကြည်သည်။

ကချင်ပြည်နယ် အစိုးရအနေဖြင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဖြင့် အတည်ပြု ပြဋ္ဌာန်းထားသော ပြည်သူ့ ဘဏ္ဍာငွေများကို သုံးစွဲရာတွင် ကာလသတ်မှတ်ချက်၊ ဘဏ္ဍာရေး စည်းမျဉ်းများ၊ ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားချက်များ စသည်တို့နှင့် အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့မှသာ ပြည်နယ်၏ စီးပွား လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိသော ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ဖြစ်ပေမည်။ ကချင်ပြည်နယ် အစိုးရသည် ပြည်သူတို့၏ အကျိုးစီးပွားကိုဆောင်သော ပြည်သူ့ ဘဏ္ဍာ စီမံခန့်ခွဲမှု ဖြစ်စေရေး၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးတို့ကို အလေးထား ဆောင်ရွက်လျက် ရှိပါကြောင်း ဤပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်ဖြင့် ပြည်သူလူထုသို့ အစီရင်ခံအပ်ပါသည်။

**ဒေါက်တာ ခက်အောင်**
ဝန်ကြီးချုပ်
ကချင်ပြည်နယ်

# ဝေါဟာရရှင်းလင်းချက်များ

**ရသုံးခန့်မှန်းခြေငွေစာရင်း (ဘတ်ဂျက်)**

အစိုးရ၏အသုံးစရိတ်၊ ရငွေနှင့် ကြွေးမြီတို့အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်များကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသည့် ထုတ်ပြန်ချက်ဖြစ်ပါသည်။ အစိုးရ၏ မူဝါဒရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာများကို မည်သို့အသုံး ပြုရန်စီမံထားသည်ကို ဖော်ပြထားသည့် အစိုးရတစ်ရပ်၏ အဓိကကျသော စီးပွားရေးမူဝါဒဆိုင်ရာမှတ်တမ်းတစ်ရပ် ဖြစ်ပါသည်။

**ဘတ်ဂျက်စက်ဝန်း**

ရသုံးခန့်မှန်းခြေငွေစာရင်းအတွက် ဆုံးဖြတ်ချက် ချရာတွင်လည်းကောင်း၊ လုပ်ငန်းများ အကောင်အထည် ဖော်ရာတွင် လည်းကောင်း၊ အဆိုပါဆုံးဖြတ်ချက်များကို ပြန်လည်ဆန်းစစ်ရာတွင်လည်းကောင်း အဓိကပါဝင်သော လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ ပုံမှန်အားဖြင့် (က) ရသုံးခန့် မှန်းခြေငွေစာရင်းရေးဆွဲခြင်း၊ (ခ) စိစစ်အတည်ပြုခြင်း၊ (ဂ) အကောင်အထည် ဖော်ခြင်းနှင့် (ဃ) စာရင်းစစ် ဆေးခြင်းဟူ၍ လုပ်ငန်း ၄ ရပ် ပါဝင်ပါသည်။

**ရငွေ**

အစိုးရ၏ ရငွေများဖြစ်ပြီး၊ မူဝါဒအပြောင်းအလဲနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် မူဝါဒ နည်းလမ်း တစ်ရပ် ဖြစ်ပါသည်။ ရငွေများကို အဓိက အားဖြင့် (က) သာမန်ရငွေ၊ (ခ) ငွေလုံးငွေရင်းရငွေနှင့် (ဂ) ကြွေးမြီရငွေဟူ၍ ခွဲခြားနိုင်ပါသည်။

**သာမန်ရငွေ**

သာမန်ရငွေတွင် တိုင်းဒေသကြီး၏ အခွန်အကောက် ရငွေများ၊ အခြားသာမန်ရငွေများ၊ ပြည်ထောင်စုမှ လွှဲပြောင်း ထောက်ပံ့ငွေများနှင့် သာမန်အသုံးစရိတ် အတွက်ရရှိသော ပြည်ပအကူအညီရငွေများ ပါဝင် ပါသည်။

**ငွေလုံးငွေရင်းရငွေ**

ငွေလုံးငွေရင်းရငွေတွင် မတည်ပစ္စည်းများကို ပြန်လည် ရောင်းချခြင်းမှ ရငွေများ၊ ဖျက်သိမ်းလိုက်သော ဌာန၊ အဖွဲ့ အစည်းများ၏ သီးသန့်ရန်ပုံငွေများ၊ မတည်အသုံး စရိတ်မှပြန်လည်ရရှိငွေများနှင့် ငွေလုံးငွေရင်း အသုံးစရိတ် အတွက်ရရှိသော ပြည်ပအကူအညီရငွေများ ပါဝင်ပါသည်။

**ကြွေးမြီရငွေ**

ကြွေးမြီရငွေတွင် ပြည်တွင်းမှချေးယူငွေနှင့် ပြည်ပမှ ချေးယူငွေမှ ရငွေများ၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေများ၊ စုဆောင်းငွေများ ပါဝင်ပါသည်။

**အသုံးစရိတ်**

အစိုးရအုပ်ချုပ်မှုယန္တရားလည်ပတ်ရေး၊ ပြည်သူ့ ဝန်ဆောင်မှုများပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်ကျ စရိတ်များ အတွက် အစိုးရ၏ ဘဏ္ဍာရင်းမြစ်များကို ခွဲဝေသုံးစွဲခြင်း ဖြစ်ပါသည်။ အသုံးစရိတ်များတွင် (က) သာမန်အသုံးစရိတ်၊ (ခ) ငွေလုံးငွေရင်း အသုံးစရိတ်နှင့် (ဂ) ကြွေးမြီအသုံးစရိတ်တို့ ပါဝင်ပါသည်။

**သာမန်အသုံးစရိတ်**

သာမန်အသုံးစရိတ်များမှာ ဝန်ထမ်းလစာများ၊ ပင်စင်နှင့် လုပ်သက်ဆုကြေးငွေများ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်များစသည့် အစိုးရ၏ အထွေထွေ အသုံး စရိတ်များဖြစ်ပါသည်။

**ငွေလုံးငွေရင်းအသုံးစရိတ်**

မော်တော်ယာဉ်၊ မြေ၊ စက်ယန္တရားများ၊ အဆောက် အအုံနှင့် လမ်း/တံတားကဲ့သို့သော တစ်နှစ်ထက် သက်တမ်းပိုသည့် မတည်ပစ္စည်းများအတွက် ရင်းနှီး မြှုပ်နှံမှုကုန်ကျစရိတ်များ ဖြစ်ပါသည်။

**ကြွေးမြီအသုံးစရိတ်**

ကြွေးမြီအသုံးစရိတ်တွင် ပြည်တွင်းကြွေးမြီ ပြန်လည် ပေးဆပ်ခြင်းအတွက် အသုံးစရိတ်၊ ပြည်ပကြွေးမြီ ပြန်လည် ပေးဆပ်ခြင်းအတွက် အသုံးစရိတ်များ၊ အဖွဲ့အစည်းများတွင်ရင်းနှီးငွေ (ငွေကြေးအဖွဲ့ အစည်းများတွင် ရင်းနှီးမြှုပ်နှံ ထားမည့်အသုံးစရိတ်) များ ပါဝင်ပါသည်။

**ဘတ်ဂျက်ခန့်မှန်းခြေ**

ဘဏ္ဍာရေးနှစ်မတိုင်မီ (၆) လခန့်မှစတင်၍ ကြိုတင်ခန့်မှန်းထားသော ရငွေ၊ သုံးငွေများ စာရင်းဖြစ်ပါသည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များ၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများဖြင့် အတည်ပြု ပြဌာန်းသည်။

**ပြုပြင်ပြီးခန့်မှန်းခြေ**

လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အသုံးစရိတ်ပိုင်းတွင် မူလခွင့်ပြုငွေအပြင် ဖြည့်စွက် ခွင့်ပြုငွေထပ်မံရရှိခြင်းကြောင့်လည်း ကောင်း၊ မူလခွင့်ပြုရန်ပုံငွေများကို အမှန်တကယ်သုံးစွဲရာ၌ မသုံးစွဲဖြစ်သည့်အတွက် လျော့နည်းသွားသော ရန်ပုံငွေများကြောင့်လည်းကောင်း၊ ရငွေပိုင်းတွင် မူလလျာထားငွေထက်ပိုမိုရရှိခြင်း (သို့မဟုတ်) လျော့နည်းရရှိခြင်းတို့ကြောင့် လည်းကောင်း ပြုပြင်ပြောင်းလဲသွားသည့် ခန့်မှန်းခြေစာရင်းဖြစ်ပါသည်။

**ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု**

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဆိုသည်မှာ ပြည်သူ့ရေးရာ ဝန်ဆောင်မှုများကို ထိရောက်အကျိုးရှိစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်၏ဘဏ္ဍာရင်းမြစ်များကို စနစ်တကျထိန်းကျောင်း ပေးသည့်စနစ်ဖြစ်ပြီး၊ ရငွေနှင့် သုံးငွေများ စီမံခန့်ခွဲမှု၊ ၎င်းနှင့် မူဝါဒများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှု၊ အကောင် အထည်ဖော်မှု၊ အကောင်အထည်ဖော် ဆောင်ရွက်သည့်အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းနှင့် ကိုက်ညီမှုရှိသော ပြည်သူ့ဘဏ္ဍာရေး အခြေအနေတစ်ရပ်လုံးကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းများ ချမှတ်ခြင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို မဟာဗျူဟာမြောက်ခွဲဝေလျာထားခြင်းနှင့် အစီရင်ခံခြင်းတို့ ပါဝင်သည်။

**အခွန်ဝေစု**

ပြည်ထောင်စု စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ကောက်ခံသော ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ကို ကောက်ခံရရှိသော တိုင်းဒေသကြီး၊ ပြည်နယ်များသို့ အခွန်ဝေစုအဖြစ် ပြန်လည် ခွဲဝေပေးသည်။ အခွန်ဝေစု ခွဲဝေရာတွင် နိုင်ငံပိုင် အခန်းကဏ္ဍမှ ကောက်ခံရရှိသော ကုန်သွယ် လုပ်ငန်းခွန်၏ ၁၅% နှင့် အထူးကုန်စည်ခွန်၏ ၁၅%ကို အထွေထွေ လွှဲပြောင်းထောက်ပံ့ငွေတွက်ချက်သည့် ညွှန်းကိန်းများကို အသုံးပြုတွက်ချက်၍ အခွန်ဝေစု ပမာဏကို သတ်မှတ်ပါသည်။ သမဝါယမ အခန်းကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅%၊ အထူးကုန်စည်ခွန်၏ ၁၅%၊ ဝင်ငွေခွန်၏ ၅%နှင့် တံဆိပ်ခေါင်းခွန် ၂% တို့ကို ကောက်ခံရရှိသော မူရင်းနေရာများသို့ ခွဲဝေပေးသည်။

**အထွေထွေ လွှဲပြောင်းထောက်ပံ့ငွေ**

ပြည်နယ် အစိုးရ၏ ကိုယ်တိုင်ရှာဖွေရငွေများသည် ပြည်နယ်၏ အသုံးစရိတ်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသည့်အတွက် လိုအပ်သော ဘဏ္ဍာငွေကို ပြည်ထောင်စု အစိုးရမှ လွှဲပြောင်း ထောက်ပံ့ငွေဖြင့် ဖြည့်ဆည်းပေးပါသည်။ ပြည်ထောင်စုအစိုးရ၏ အထွေထွေ လွှဲပြောင်း ထောက်ပံ့ငွေသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အဓိကကျသော ဘဏ္ဍာငွေ အရင်းအမြစ်ဖြစ်သည် ။ ပြည်ထောင်စုအစိုးရသည် အထွေထွေလွှဲပြောင်း ထောက်ပံ့ငွေ ပေးအပ်ရာတွင် နိုင်ငံတကာတွင် ကျင့်သုံးနေသော ညွှန်းကိန်းအခြေပြု တွက်ချက်မှု နည်းလမ်းများထဲမှ အကောင်းဆုံးနည်းလမ်းကို နည်းနာယူ၍ တွက်ချက်ပြီး ရရှိလာသော ပမာဏကို တိုင်းနှင့် ပြည်နယ်များသို့ ပေးသည်။ ညွှန်းကိန်း အခြေပြု ဘဏ္ဍာငွေ တွက်ချက်ခြင်း နည်းလမ်းတွင် အသုံးပြုသော ညွှန်းကိန်းများမှာ-

၁။ စုစုပေါင်းလူဦးရေ

၂။ ဆင်းရဲမှု ညွှန်းကိန်း

၃။ မြေဧရိယာ အကျယ်အဝန်း

၄။ တစ်ဦးကျ အခွန်ကောက်ခံမှု

၅။ လူတစ်ဦးချင်းစီ၏ GDP

၆။ မြို့ပြ လူဦးရေ အချိုးတို့ ဖြစ်သည်။

**စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)**

နိုင်ငံတစ်နိုင်ငံ၏ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း နောက်ဆုံးထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ စုစုပေါင်း တန်ဖိုးကို ခေါ်သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို နှစ်အလိုက် စုစုပေါင်းပြည်တွင်း ထုတ်ကုန်တန်ဖိုး (ဂျီဒီပီ) အပြောင်းအလဲအပေါ် မူတည်၍ တိုင်းတာသည်။

# နိုင်ငံတော်၏ စီးပွားရေး မူဝါဒများ

၁။ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု စနစ်ဖြင့် ဘဏ္ဍာရေး အရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်။

၂။ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပိုမို အောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေး တိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်။

၃။ ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းစေနိုင်သည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်။

၄။ လျှပ်စစ်ဓါတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများ စသည့် အခြေခံစီးပွားရေး အဆောက်အအုံများ လျင်မြန်စွာ တိုးတက်လာရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် Data ID Card System၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်။

၅။ ပြည်တွင်းနေ နိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများ အားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသော စီးပွားရေး လုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ရန်။

၆။ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့်စက်မှုကဏ္ဍများဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာ စက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံ ဖော်ထုတ်ရန်။

၇။ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့ လုပ်ကိုင်လိုသည့် စီးပွားရေး လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့် ရရှိစေရန် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲ ဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှု ရှိစေရေးအတွက် တိုးမြှင့် ဆောင်ရွက်ရန်။

၈။ အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေး လုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေး တည်ငြိမ်မှု ရရှိလာစေရေး ဆောင်ရွက်ရန်။

၉။ သဘာဝ ပတ်ဝန်းကျင်များကို ရေရှည် ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေ ဖြစ်စေမည့် မြို့ပြများ တည်ထောင်ရန်၊ ပြည်သူ့ ဝန်ဆောင်မှု လုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ပိုမိုစောင့်ရှောက် ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်။

၁၀။ နိုင်ငံတော်၏ ဝင်ငွေ တိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး၊ မျှတသော အခွန်စနစ် ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်။

၁၁။ တီထွင်ဖန်တီးမှု စွမ်းရည်များနှင့် အဆင့်မြင့် နည်းပညာ တိုးတက်မှုများကို အားထုတ် ကြိုးပမ်းဖြစ်ပေါ်စေနိုင်သည့် အသိဉာဏ် ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်။

၁၂။ စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံ ဒေသတွင်းသာမက အခြားဒေသများ အတွင်း၌လည်း တိုးတက်ပြောင်းလဲ လာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေး လုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည် ထူထောင်ရန်။

## နိုင်ငံတော်၏ဘဏ္ဍာရေး မူဝါဒ

**(က) အခွန်မူဝါဒ**

- နိုင်ငံတော် အစိုးရ၏ အသုံးစရိတ်များအတွက်သာ အခွန်ကို ကောက်ခံခြင်းမဟုတ်ပဲ နိုင်ငံတော်တွင် ညီညွတ် မျှတသော အရအသုံး ငွေကြေးစနစ်ကို ဖော်ဆောင်၍ ငွေကြေးလည်ပတ်မှု မှန်ကန်စေရန်။
- ငွေကြေးဖောင်းပွမှုကို ထိန်သိမ်းရန်။
- ပြည်တွင်း စားသုံးမှု ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက် စနစ်ဖြင့် ထိန်းညှိပေးရန်။
- ကုန်ဈေးနှုန်း တည်ငြိမ်မှုအတွက် အထောက်အကူပြုရန်
- ဝင်ငွေခွဲဝေမှု မျှတစေရန်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်။

**(ခ) အသုံးစရိတ် မူဝါဒ**

- ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ် စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက် တိုးမြှင့်သုံးစွဲရန်။
- ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေး သုံးစွဲရန်။
- ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျ စိစစ်ခွင့်ပြုရန်။
- စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲပြီး လတ်တလော မလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်းဆောင်ရွက်ရန်။
- ပစ္စည်းဝယ်ယူမှုများကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်။
- ပြည်ပ အကူအညီရငွေနှင့် ပြည်ပချေးငွေများကို စိစစ်ရယူရန်။
- ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး တိုးမြှင့် သုံးစွဲရန်။

# ဘဏ္ဍာရေးနှစ်ကာလ ပြောင်းလဲသတ်မှတ်ခြင်း

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်တွင် ၁၉၇၂ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာရေးကာလ သတ်မှတ်ချက်ကို ဧပြီလ (၁)ရက်နေ့မှ မတ်လ (၃၁)ရက်နေ့အထိ သတ်မှတ်ကျင့်သုံးခဲ့ရာ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဘဏ္ဍာရေးကာလ သတ်မှတ်ချက်သည် အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့ကို ပြောင်းလဲ သတ်မှတ်ခဲ့ပြီ ဖြစ်သည်။ ဤသို့ ပြောင်းလဲရခြင်း၏ ရည်ရွယ်ချက်မှာ ယေဘူယျအားဖြင့် ပြည်သူ့ရေးရာ ဝန်ဆောင်မှု လုပ်ငန်းများကို လျင်မြန်ထိရောက် လွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ပါသည်။

ယခင် ဘဏ္ဍာရေးကာလ သတ်မှတ်ချက်ဖြစ်သော ဧပြီလ (၁) ရက်နေ့မှ မတ်လ(၃၁) ရက်နေ့အထိ ကာလသည် ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အနည်းငယ် အဆင်မပြေမှုများကို ကြုံတွေ့ရသည်။ အထူးသဖြင့် ဘဏ္ဍာရေးကာလ အစောပိုင်းတွင် မိုးရာသီကို ဖြတ်ကျော်ရသောကြောင့် ဒေသဖွံ့ဖြိုးမှုအတွက် တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကြန့်ကြာစေသည်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာရေးကာလ သတ်မှတ်ချက်ကို အောက်တိုဘာလ (၁)ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိ ပြောင်းလဲ သတ်မှတ်ရန် ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ( ၁၇/၂၀၁၇) က သဘောတူခဲ့ပြီး (၃၁-၁၀-၂၀၁၇) ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် မှတ်တမ်းတင်ခဲ့ပြီး ဖြစ်ပါသည်။ ဘဏ္ဍာရေးကာလအသစ်နှင့် အဟောင်းကြားကူးပြောင်းရေးအတွက် ကြားကာလအဖြစ် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ (၆)လ ကြားဖြတ် ဘဏ္ဍာရေးကာလကိုလည်း ပြဋ္ဌာန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဘဏ္ဍာရေးကာလ အသစ်သည် အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့ အထိ ဖြစ်ပါသည်။ ပြည်သူလူထုအတွက် အကျိုးပြုသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပွင့်လင်းရာသီဖြစ်သော ဘဏ္ဍာနှစ်အစမှ စတင်ဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်မှုတွင် ပိုမိုအဆင်ပြေချောမွေ့၍ လွယ်ကူစေပါသည်။ ထို့ကြောင့် ပြည်သူ့ရေးရာ အကျိုးပြုလုပ်ငန်းများသည် ပြည်သူများအတွက် ပိုမိုအကျိုးရှိ အောင်မြင်လာမည် ဖြစ်သည်။


ပြောင်းလဲလိုက်တဲ့ဘဏ္ဍာရေးကာလ သတ်မှတ်ချက်အသစ်ကိုသိလား၊
သိတာပေါ့၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကစပြီး တော့ ဘဏ္ဍာနှစ်ကာလ သတ်မှတ်ချက်ကအောက်တိုဘာလ ၁ ကနေ စက်တင်ဘာလ ၃၀ အထိဖြစ်သွားပြီလေ၊ ဘာလို့ပြောင်းရတာလဲဆိုတော့ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုပွင့်လင်းရာသီ မှာစပြီးဆောင်ရွက်နိုင်ရင်လုပ်ငန်းတွေ အားလုံးပိုမိုအဆင်ပြေမှာ မို့လို့ပဲ။

# ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင် မိတ်ဆက်

Citizen's Budget ဆိုသည်မှာ...


Citizen's Budget ဟု ခေါ်သော ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်ဆိုသည်မှာ နိုင်ငံတော်၏ မေခရီ စီးပွားရေးအခြေအနေ၊ ဘဏ္ဍာရေးမူဝါဒ၊ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေ၊ အခွန်အကောက်ရငွေ၊ စုစုပေါင်း အသုံးစရိတ်၊ ဘတ်ဂျက်လိုငွေ၊ ပြည်ပအကူအညီ ရငွေနှင့် ချေးငွေအခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်၊ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်ဂျက် စသည်တို့ကို ရှင်းလင်းလွယ်ကူစွာ သိမြင်နိုင်စေရန် အနှစ်ချုပ်ပြုစု တင်ပြသည့် စာစောင်ပင် ဖြစ်ပါသည်။



(စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာနမှ ထုတ်ဝေ သော ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ (၆) လအတွက် Citizen's Budget စာစောင်မှ ကောက်နုတ် ဖော်ပြချက်။)

# ဤစာစောင်ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်

ကောင်းမွန်သည့် ပြည်သူဘဏ္ဍာရေးစီမံခန့်ခွဲမှုသည် ပွင့် လင်းမြင်သာမှု (Transparency)၊ တာဝန်ယူမှု၊ တာဝန်ခံမှု (Accountability) နှင့် ပြည်သူလူထု ပါဝင်နိုင်မှု (Civic Participation) စသည့် အခြေခံအုတ်မြစ် ၃ ခုအပေါ် မူတည်ပါသည်။ ယခုထုတ်ပြန်သည့် ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေ ငွေစာရင်းစာစောင် (Citizen's Budget) ကဲ့သို့သော ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး လုပ်ဆောင်ချက်များမှတစ်ဆင့် အစိုးရ တစ်ရပ်၏ မူဝါဒများ၊ ရငွေအရင်း အမြစ်များနှင့် အသုံးစရိတ်ဆိုင်ရာ စီမံခန့်ခွဲမှုများ၊ ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များကို ပြည်သူလူထု လွယ်လင့်တကူ သိရှိနားလည်စေမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် သတင်းအချက်အလက်များ ပံ့ပိုးပေးထားသည့် ပြည်သူများက ဆုံးဖြတ်ချက်ချမှတ်သူများ၊မူဝါဒချမှတ်သူများနှင့်ဆက်သွယ်ပြောဆိုနိုင်သည့်နည်းလမ်းများကို ဖြစ်စေပြီး၊ ပြည်သူ့ ဘဏ္ဍာစီမံခန့်ခွဲမှုတွင် အရေးပါသည့် တာဝန်ယူ၊ တာဝန်ခံမှုနှင့် ပြည်သူလူထုပါဝင်နိုင်မှုတို့ကို တိုးတက်လာစေမည် ဖြစ်ပါသည်။ ထိုသို့ တိုးတက်လာခြင်းအားဖြင့် အစိုးရ၏ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုကို အားကောင်းစေပြီး လူမှုစီးပွားရေးများ ဖွံ့ဖြိုး၍ ဒေသများ တိုးတက်လာမည် ဖြစ်သည်။



ပြည်သူများ၏လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်မည့် ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပြည်သူများ ပါဝင်နိုင်စေရန်နှင့် သိရှိထိုက်သည် များကို နားလည်နိုင်စေရန် ဘတ်ဂျက်ပွင့်လင်းမြင်သာမှု စာစောင်များက ပံ့ပိုးပေးနိုင်မည်ဟု မျှော်မှန်းပါသည်။


Citizen's Budget စာစောင်ဆိုတာ ဘာလဲဗျာ၊
တို့တိုင်းပြည်ရဲ့ရငွေ သုံးငွေအခြေအနေကို အကျဉ်းချုပ်ပြီးပြည်သူတွေ သိအောင်ပွင့်ပွင့်လင်းလင်း ပြောပြတဲ့စာစောင်ပေါ့ရှင့်၊

# ၂၀၁၈– ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် |
|---|---|---|
| ၁။ | စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (GDP) | ကျပ် ၁၆၉၄၁၇၂.၉၀၀ သန်း |
| ၂။ | GDP တိုးတက်နှုန်း | ၉.၃ % |
| ၃။ | လူတစ်ဦးချင်းစီ၏ ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) | ကျပ် ၀.၉၄ သန်း |
| ၄။ | လူဦးရေ | ၁၆၈၉၄၄၁ ဦး |
| ၅။ | စုစုပေါင်း ရငွေ ခန့်မှန်းချက် | ကျပ် ၁၉၅၂၃.၅၇၄ သန်း |
| ၆။ | အခြား သာမန်ရငွေ | ကျပ် ၁၀၇၁၁.၄၈၆ သန်း |
| ၇။ | အခွန်အကောက် ရငွေ | ကျပ် ၁၈၂၆.၁၀၅ သန်း |
| ၈။ | အခွန်ဝေစု ရငွေ | ကျပ် ၅၁၈၅.၉၈၃ သန်း |
| ၉။ | လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ | ကျပ် ၁၈၀၀.၀၀၀ သန်း |
| ၁၀။ | စုစုပေါင်း အသုံးစရိတ် ခန့်မှန်းချက် | ကျပ် ၁၇၇၈၀၆.၁၃၄ သန်း |
| ၁၁။ | လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ငွေ | ကျပ် ၁၅၈၂၈၂.၅၆၀ သန်း |
| ၁၂။ | အခွန်အကောက် ရငွေနှင့် GDP အချိုး | ၀.၁၁% |
| ၁၃။ | ဆင်းရဲမှု ညွှန်ကိန်း | ၂၈.၆ |
| ၁၄။ | ကချင်ပြည်နယ် အကျယ်အဝန်း | ၈၉၀၄၂ စတုရန်းကီလိုမီတာ |
| ၁၅။ | မြို့ပြလူဦးရေ | ၅၉၂၃၆၈ ဦး |
| ၁၆။ | တစ်ဦးကျ အခွန်ကောက်ခံမှု | ၁၁၆၉ ကျပ် |

# ကချင်ပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်များ

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေပါ ဇယား ၁၊ ဇယား ၂ တို့သည် ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများ၏ ဥပဒေ ပြုရေး လုပ်ငန်းတာဝန်များကို ပိုင်းခြားကန့်သတ်ပါသည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဇယား ၁ က ပြည်ထောင်စု အစိုးရ၏ လုပ်ငန်းတာဝန်များကို လည်းကောင်း၊ ဇယား ၂ က တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ တာဝန်ဝတ္တရားများကို လည်းကောင်း ဖော်ပြပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများ၏ လုပ်ငန်းတာဝန်များအတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် ဘဏ္ဍာငွေ ဖြည့်ဆည်းနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား ၅ နှင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ဖြင့် သတ်မှတ်ပြဋ္ဌာန်းပါသည်။ ဇယား၂ အရ ဆောင်ရွက်ရသည့် တာဝန်ဝတ္တရားများ၊ ဇယား ၅ အရ ကောက်ခံရသည့် အခွန်အခများဖြင့် ပြည့်မီအောင် ဘဏ္ဍာငွေ မဖြည့်ဆည်းပေးနိုင်သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများသို့ ပြည်ထောင်စု အစိုးရက လွှဲပြောင်းထောက်ပံ့ငွေများဖြင့် ဘဏ္ဍာငွေ ပံ့ပိုးပါသည်။

ဖွဲ့စည်းပုံ အခြေခံ ဥပဒေဇယား ၂ နှင့် ဇယား ၅ ပါ လုပ်ငန်းတာဝန်များအတွက် ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာကိုလည်း ပေးအပ်ထားပြီး ထိုအချက်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းတွင် မြင်တွေ့နိုင်ပါသည်။ ကချင်ပြည်နယ်၏ ဘဏ္ဍာရင်းမြစ်များကို ဤစာစောင်၏ အခန်း (၂) တွင် လည်းကောင်း၊ အသုံးစရိတ်များကို အခန်း (၃) တွင် လည်းကောင်း ဖော်ပြထားပါသည်။




ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ နှင့် ဇယား ၅ တို့နှင့်စပ်လျဉ်း၍ ပိုမိုသိရှိလိုပါလျှင် နောက်ဆက်တွဲဖြင့် ဖော်ပြထားသော "လေ့လာဖတ်ရှုနိုင်သော သတင်းအချက်အလက်များကဏ္ဍ" တွင် ရည်ညွှန်းသည့်အတိုင်း လေ့လာဖတ်ရှု နိုင်ပါသည်။

# ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ

### ဗဟိုအဖွဲ့အစည်းများ
- ပြည်နယ်အစိုးရအဖွဲ့
- ပြည်နယ်လွှတ်တော်
- ပြည်နယ်တရားလွှတ်တော်
- ပြည်နယ်ဥပဒေချုပ်ရုံး
- ပြည်နယ်စာရင်းစစ်ချုပ်ရုံး

### ပြည်ထဲရေးဝန်ကြီးဌာန
- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
- အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
- မီးသတ်ဦးစီးဌာန

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
- စိုက်ပျိုးရေးဦးစီးဌာန
- ငါးလုပ်ငန်းဦးစီးဌာန
- မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
- သမဝါယမဦးစီးဌာန
- အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
- ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း

### သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
- သစ်တောဦးစီးဌာန
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
- သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာနခွဲ)

### လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
- လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း)

### ပြည်နယ်ကုန်တင်/ကုန်ချကော်မတီရုံး

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
- အားကစားနှင့် ကာယပညာဦးစီးဌာန

### စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- စီမံကိန်းရေးဆွဲရေးဦးစီးဌာန
- ဗဟိုစာရင်းအင်းအဖွဲ့
- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

### ဆောက်လုပ်ရေးဝန်ကြီးဌာန
- မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
- လမ်းဦးစီးဌာန

### စည်ပင်သာယာရေးအဖွဲ့
- စည်ပင်သာယာရေးအဖွဲ့များ

> တိုင်းဒေသကြီး၊ ပြည်နယ်များက စီမံခန့်ခွဲခွင့်ရှိသော ကဏ္ဍများနှင့် ပတ်သက်၍ ပိုမိုပြည့်စုံစွာ သိရှိလိုပါလျှင် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ဇယား ၂ တွင် ကြည့်ရှုနိုင်ပါသည်။


ဘတ်ဂျက်ဆိုတာ ဘာလဲ၊
ဘဏ္ဍာနှစ်တစ်နှစ် အတွက်လျာထားရေးဆွဲ ထားတဲ့ ရသုံးခန့်မှန်းခြေ ငွေစာရင်းကိုပြောတာ။
ရသုံးခန့်မှန်းခြေ ငွေစာရင်းမှာ ဘာတွေပါလဲ။
ယေဘုယျအားဖြင့် ရငွေနဲ့သုံးငွေဆိုပြီးနှစ်မျိုး ရှိတယ်၊ ရငွေမှာတော့ သာမန်ရငွေ၊ငွေလုံးငွေရင်း ရငွေ၊ ကြွေးမြီရငွေလို့ရှိပြီး သုံးငွေမှာတော့ သာမန်သုံးငွေ ငွေလုံးငွေရင်းသုံးငွေ၊ ကြွေးမြီ သုံးငွေဆိုပြီးရှိတယ်။

# အခန်း ၁ ရသုံးခန့်မှန်းခြေ ငွေစာရင်းရေးဆွဲခြင်း

## ၁.၁။ ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် ပွင့်လင်းမြင်သာမှုစာစောင်များ

ရသုံးခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲခြင်း (သို့) ဘတ်ဂျက် ပြင်ဆင် ရေးဆွဲရေး လုပ်ငန်းစဉ်ဆိုသည်မှာ အစိုးရ တစ်ရပ်အနေဖြင့် ဘဏ္ဍာနှစ် တစ်နှစ်အတွက် ရရှိနိုင်သော ဝင်ငွေ အရင်းအမြစ်နှင့် သုံးစွဲရမည်ဖြစ်သော အသုံးစရိတ်တို့ကို နိုင်ငံတော်၏ မူဝါဒ၊ ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုပြီး လျာထားသတ်မှတ် ခြင်းဖြစ်သည်။

ဘဏ္ဍာနှစ် တစ်နှစ်အတွက် ရသုံးခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲခြင်း လုပ်ငန်းသည် ယေဘူယျအားဖြင့် အဆင့် (၄) ဆင့် ရှိတတ်ပြီး၊ ၎င်းလုပ်ငန်းစဉ်များသည် တစ်ဆင့်ပြီးတစ်ဆင့် ဆက်စပ်လျက် စဉ်ဆက်မပြတ် စက်ဝန်းပုံစံ လည်ပတ်လျက်ရှိသည်။ ရသုံးခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲခြင်း လုပ်ငန်းစဉ်တိုင်း၏ သက်ဆိုင်ရာ ကာလအပိုင်းအခြား အတွင်းတွင် ၎င်းလုပ်ငန်းစဉ်နှင့် သက်ဆိုင်သော ဘတ်ဂျက်ဆိုင်ရာ စာစောင်များကို နိုင်ငံတကာတွင် ထုတ်ဝေလေ့ရှိရာ စာစောင် (၈) မျိုးအထိ ရှိသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ပြည်ထောင်စုအဆင့်တွင် ဘတ်ဂျက် မရေးဆွဲမီ ဖော်ပြချက်နှင့် စာရင်းစစ် အစီရင်ခံစာတို့မှအပ အစိုးရအဖွဲ့မှ တင်ပြသည့် ဘတ်ဂျက် အဆိုပြုလွှာ၊ ဥပဒေပြဌာန်းသည့် ဘတ်ဂျက်၊ နိုင်ငံသားများအတွက် ဘတ်ဂျက်၊ နှစ်အတွင်းအစီရင်ခံစာများ၊ နှစ်လယ် သုံးသပ်အစီရင်ခံစာ၊ နှစ်ကုန် အစီရင်ခံစာတို့ကို တစ်နှစ်ထက်တစ်နှစ် ပိုမို ပွင့်လင်း မြင်သာစွာဖြင့် အင်တာနက် စာမျက်နှာများ၊ သတင်းစာများ၊ စာစောင်များ ထုတ်ဝေခြင်းဖြင့် ပြည်သူအများ ပွင့်လင်း မြင်သာစွာ သိရှိစေရန် ဆောင်ရွက်လျက်ရှိသည်။

ယခု ထုတ်ဝေသော ကချင်ပြည်နယ်၏ ပြည်သူ့အတွက် ရသုံးခန့်မှန်းခြေ ငွေစာရင်း စာစောင်သည်လည်း ကချင်ပြည်သူများ၏ ဘဏ္ဍာကို တာဝန်ယူ သုံးစွဲနေသော ကချင်ပြည်နယ် အစိုးရ၏ ဘဏ္ဍာရေး တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုအတွက် ပြယုဂ် ဖြစ်သည်။



## အဆင့် ၁။ ရသုံးခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲခြင်း

အစိုးရ၏ မူဝါဒဦးစားပေးများကို ဖော်ထုတ်ပြီး၊ စီမံကိန်းနှင့် ဘတ်ဂျက် မူကြမ်းတစ်ရပ်အဖြစ် ပြင်ဆင်ရေးဆွဲ ရပါသည်။

- ဘတ်ဂျက် အကြိုထုတ်ပြန်ချက် စာစောင် (Pre Budget Statement)
- ဘတ်ဂျက် အဆိုပြုတင်ပြချက် (Executive Budget Proposal)

## အဆင့် ၂။ ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးချိန်ညှိခြင်းနှင့် အတည်ပြုခြင်း

မူကြမ်းရေးဆွဲထားသည့် စီမံကိန်းများနှင့် ဘတ်ဂျက်ကို ဆွေးနွေးမှုများ၊ စိစစ်သုံးသပ်မှုများ ဆောင်ရွက်ပြီးနောက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်များက အတည်ပြုပြဋ္ဌာန်းပါသည်။

- ဘတ်ဂျက်ဥပဒေ (Enacted Budget)
- ပြည်သူသို့ ဘတ်ဂျက်အစီရင်ခံစာ(Citizen’s Budget)

## အဆင့် ၃။ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းခြင်း

ဘတ်ဂျက်ရေးဆွဲထားသည့်အတိုင်း ရငွေ ရှာဖွေခြင်းနှင့် အသုံးစရိတ်များ သုံးစွဲခြင်းတို့ဖြင့် ဘတ်ဂျက်ကိုအကောင် အထည်ဖော်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းများကို ဆောင်ရွက်ပါသည်။

- နှစ်တွင်း အစီရင်ခံစာများ (In-year Reports)
- နှစ်လယ် အစီရင်ခံစာ (Mid-year Review)
- နှစ်ကုန် အစီရင်ခံစာ (Year-End Report)

## အဆင့် ၄။ စာရင်းစစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း


ဘတ်ဂျက်ကို အစိုးရက အဆိုပြုထားသည့်အတိုင်း သုံးစွဲထားခြင်း ရှိမရှိနှင့် ထိရောက် အကျိုးရှိသော သုံးစွဲခြင်း ဟုတ်မဟုတ် စစ်ဆေးခြင်း ဖြင့် တွေ့ရှိချက်များသည် မူတည်၍ လာမည့်နှစ် ဘတ်ဂျက် ပြင်ဆင်ရာတွင် ပံ့ပိုးစေနိုင်ခြင်း။

- စာရင်းစစ် အစီရင်ခံစာ (Audit report)

# ၁.၂။ ဘတ်ဂျက် ပြင်ဆင်ရေးဆွဲခြင်း လုပ်ငန်းစဉ်ပြက္ခဒိန်

ဘတ်ဂျက်ရေးဆွဲရေး လုပ်ငန်းစဉ်တွင် ပြည်သူများက ပြည်သူ့ဘဏ္ဍာများ သုံးစွဲမည့် အစီအစဉ်တွင် တိုက်ရိုက်ပါဝင် ရွေးချယ်ကြခြင်းဖြင့် ပြည်သူ့လိုအပ်ချက်၊ လိုလားချက်များနှင့် ကိုက်ညီသည့် ထိရောက်သည့် အသုံးစရိတ်များ ဖြစ်စေသည်။ ၎င်းသည် ဒီမိုကရေစီ နည်းလမ်းကျသော ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုတစ်ခုဖြစ်ပြီး ပြည်သူ့ဘဏ္ဍာရေး လုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ခံမှု၊ တာဝန်ယူမှုကို မြင့်တက်စေပါသည်။

လာမည့်ဘဏ္ဍာနှစ် တစ်နှစ်အတွက် အရအသုံးခန့်မှန်းခြေ ငွေစာရင်း ကြိုတင် ရေးဆွဲခြင်း လုပ်ငန်းစဉ်သည် ယေဘူယျအားဖြင့် လက်ရှိ ဘဏ္ဍာနှစ်အစ (၄) လအတွင်း စတင်ပြီး ပြင်ဆင်ရေးဆွဲလေ့ရှိကြသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် ယခု အခါ ဘဏ္ဍာရေးကာလ အသစ်ပြောင်းလဲလိုက်ရာ ဘတ်ဂျက်လုပ်ငန်းစဉ် အချိန်ဇယားသည်လည်း ပြောင်းလဲသွားပြီ ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဘဏ္ဍာရေးကာလ သတ်မှတ်ချက်အသစ်အတွက် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို ဇန်နဝါရီလမှ စတင်မည်ဖြစ်သည်။ ဘတ်ဂျက်လုပ်ငန်းစဉ် အချိန်ဇယားကို ပြည်သူများသို့ အသိပညာ ပေးခြင်းသည်လည်း ဘတ်ဂျက်လုပ်ငန်းစဉ်များတွင် ပြည်သူအများ ပါဝင်ပူးပေါင်းစေနိုင်ရန်အတွက် အရေးပါသော သတင်း အချက်အလက်တစ်ခုဖြစ်ပါသည်။ ဘတ်ဂျက်ပွင့်လင်းမြင်သာမှု စာစောင်များတွင် ပါဝင်သော ပြည်ထောင်စု၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်များ၏ ဘဏ္ဍာရေး အခြေအနေများကို သိရှိနားလည်ကာ ပြည်သူများက အစိုးရဌာနတာဝန်ရှိသူများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပိုမိုပါဝင်လာစေရန် ရည်ရွယ်၍ ဘတ်ဂျက်လုပ်ငန်းစဉ် အချိန်ဇယားကို ဖော်ပြအပ်ပါသည်။




အခန်း ၂

# ပြည်နယ်ဘတ်ဂျက်၏ ဘဏ္ဍာအရင်းအမြစ်များ

## ၂.၁။ ပြည်နယ်ဘတ်ဂျက်၏ ဘဏ္ဍာရင်းမြစ်များ

၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်အရ ပြည်နယ် ဘတ်ဂျက်ပါ ကိုယ်တိုင် ရှာဖွေ ရငွေများတွင် (က) အခွန်အကောက် ရငွေနှင့် (ခ) အခွန်မဟုတ်သော အခြားသာမန်ရငွေတို့ အဓိကပါဝင်ပါသည်။ ပြည်နယ် ဘတ်ဂျက်အတွက် လွှဲပြောင်း ထောက်ပံ့ငွေမှ ရငွေများတွင် (က) ပြည်ထောင်စုမှ အထွေထွေလွှဲပြောင်း ထောက်ပံ့ငွေ (General Grant Transfer) (ခ) အခွန်ဝေစုရငွေ (Tax Sharing) (ဂ) ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေအရ ပေးသည့် မဲဆန္ဒနယ် ဖွံ့ဖြိုးရေး ထောက်ပံ့ငွေ (Constituency Development Fund)များ ပါဝင်သည်။ ဤ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံး ငွေရင်းရငွေနှင့် ကြွေးမြီရငွေတို့ကို လျာထားခြင်း မရှိသည့်အတွက် ထည့်သွင်းထားခြင်း မရှိပါ။



### ပြည်နယ်၏ ကိုယ်တိုင်ရှာဖွေရငွေများ

**(က) အခွန်အကောက်ရငွေ**

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်နယ်ကို ကောက်ခံခွင့် ပေးထားသော အခွန်၊အခများမှ ရငွေ ဖြစ်သည်။ ပြည်နယ်၏ စုစုပေါင်း ဘဏ္ဍာရင်းမြစ်တွင် အခွန်အကောက်ရငွေက ၁% ပါဝင်သည်။

**(ခ) အခြားသာမန်ရငွေ**

ပြည်နယ်ဘတ်ဂျက်ပါ ဌာနများက ရှာဖွေရရှိသော အခွန်မဟုတ်သည့် အခြားသာမန်ရငွေ အမျိုးအစားများ ဖြစ်ပြီး၊ ပြည်နယ်ဘတ်ဂျက် ရငွေ စုစုပေါင်း၏ ၆% ဖြစ်သည်။


*(ပြည်နယ်၏ ကိုယ်တိုင်ရှာဖွေရငွေ အမျိုး အစားတစ်ရပ်ချင်းစီ အလိုက်ကို နောက်တွင်အသေးစိတ် ရှင်းလင်းသွားပါမည်။)*

### ပြည်နယ် ဘတ်ဂျက်အတွက် လွှဲပြောင်းထောက်ပံ့ငွေများ

ပြည်နယ်ဘတ်ဂျက်ပါ လွှဲပြောင်းထောက်ပံ့ငွေများ ( Transfer) တွင် ပြည်ထောင်စုမှ အထွေထွေလွှဲပြောင်း ထောက်ပံ့ငွေ (Grant transfer)၊ အခွန်ဝေစု ရငွေ ( Tax sharing)၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေအရပေးသည့် မဲဆန္ဒနယ် ဖွံ့ဖြိုးရေး ထောက်ပံ့ငွေ (Constituency development fund)တို့ ပါဝင်ပါသည်။ လွှဲပြောင်း ထောက်ပံ့ငွေများသည် ပြည်နယ်၏ ဘတ်ဂျက် ဘဏ္ဍာရင်းမြစ် စုစုပေါင်းတွင် ၉၃% ပါဝင်ပါသည်။


*(ပြည်နယ် ဘတ်ဂျက်ပါ လွှဲပြောင်းထောက်ပံ့ငွေ အမျိုးအစား တစ်ရပ်ချင်းစီ အလိုက်ကို နောက်တွင် အသေးစိတ် ရှင်းလင်းပါမည်။)*

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေမပါသော ပြည်နယ်ရငွေ လျာထားချက်**




## ၂.၂။ ကိုယ်တိုင်ရှာဖွေ ရငွေများ

(က) အခွန်ရငွေ




၂၀၀၈ ခုနှစ်၊ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေများ၏ ဇယား-၅ အရ တိုင်းဒေသကြီး၊ ပြည်နယ်များကို ကောက်ခံခွင့် ပေးထားသည့် အခွန်အခများအနက် ကချင်ပြည်နယ် ဘတ်ဂျက်ပါ ဦးစီးဌာန (၅)ခုက အခွန်အမျိုးအစား (၈) မျိုးကို ကောက်ခံပါသည်။ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေး နှစ်တွင် အခွန်ရငွေမှာ ကျပ် ၁၈၂၆.၁၀၅ သန်းဟု လျာထားရာ ပြည်နယ် ဘဏ္ဍာရင်းမြစ် စုစုပေါင်း၏ ၁% သာ ရှိပါသည်။ အမှန်စင်စစ် အခွန်ရငွေသည် ပြည်နယ် နှင့် တိုင်းဒေသကြီး အစိုးရများ၏ အခြေခံ အဆောက်အဦ တည်ဆောက်ရေးနှင့် ပြည်သူ့ ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ရေးတွက် အရေးပါသည့် ဘဏ္ဍာရင်းမြစ်တစ်ခုဖြစ်ရာ အခွန်ဘဏ္ဍာ တိုးတက်ရရှိရေးသည် ဒေသဖွံ့ဖြိုးရေးအတွက် အရေးကြီးလှသည်။





၂၀၁၈-၂၀၁၉ ခု၊
ဘဏ္ဍာနှစ်တွင်
ကချင်ပြည်နယ် ဘတ်ဂျက်ပါ
ဌာနအလိုက် အခွန်ရငွေ
အမျိုးအစားများ


| ဌာနအဖွဲ့အစည်းအမည်/ ကောက်ခံသည့် အခွန်အမျိုးအစား | ငွေရပ် (ကျပ်သန်းပေါင်း) | ရာခိုင်နှုန်း (%) |
|---|---|---|
| **ပြည်နယ်အစိုးရအဖွဲ့ (ဆည်မြောင်းဦးစီးဌာန)** | **၂၉.၄၁၈** | **၁.၆၀%** |
| ရေခွန် | ၂၉.၄၁၈ | ၁.၆၀% |
| **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန** | **၄၈၉.၄၁၉** | **၂၆.၈၀%** |
| ယစ်မျိုးခွန် | ၄၄၆.၅၅၉ | ၂၄.၄၅% |
| မြေယာပေါ်တွင် ကောက်ခံသည့် အခွန် | ၉.၁၆၇ | ၀.၅၀% |
| ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | ၃၃.၆၉၃ | ၁.၈၅% |
| **ငါးလုပ်ငန်းဦးစီးဌာန** | **၄၅၆.၅၀၀** | **၂၅.၀၀%** |
| အင်းအိုင်ခွန် | ၄၅၆.၅၀၀ | ၂၅.၀၀% |
| **သစ်တောဦးစီးဌာန** | **၄၈.၅၁၇** | **၂.၆၆%** |
| သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | ၄၈.၅၁၇ | ၂.၆၆% |
| **စည်ပင်သာယာရေးအဖွဲ့များ** | **၈၀၂.၂၅၁** | **၄၃.၉၃%** |
| ပစ္စည်းခွန် | ၇၂၉.၁၂၆ | ၃၉.၉၃% |
| ဘီးခွန် | ၇၃.၁၂၅ | ၄.၀၀% |
| **စုစုပေါင်း** | **၁၈၂၆.၁၀၅** | **၁၀၀%** |

### (ခ) အခြား သာမန်ရငွေများ

အခွန်အကောက် မဟုတ်သည့် အခြားသာမန်ရငွေ များသည် ပြည်နယ် ဘတ်ဂျက် ကိုယ်တိုင်ရှာဖွေ ရငွေ၏ ၅၄.၈၆%၊ ပြည်နယ် ဘဏ္ဍာရင်းမြစ်၏ ၆% ရှိသည်။ အခြားသာမန်ရငွေတွင် ငှားရမ်းခရငွေများ၊ ဒဏ်ကြေးရငွေများ၊ လုပ်ငန်းလိုင်စင်ကြေးရငွေများ၊ စည်ပင်သာယာရေးအဖွဲ့များ၏ အဆောက်အဦ ကြီးကြပ်ရငွေ၊ စီးပွားရေး ကြော်ငြာဆိုင်းဘုတ် စိုက်ထူရငွေများ စသည့် အမျိုးမျိုးသော သာမန် ရငွေများမှ ဖြစ်သည်။




## ၂.၃။ လွှဲပြောင်း ထောက်ပံ့ငွေမှ ရငွေများ




### (က) ပြည်ထောင်စုမှ အထွေထွေလွှဲပြောင်း ထောက်ပံ့ငွေ (General Grant Transfer)

၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် အတွက် ပြည်ထောင်စုမှ ကချင်ပြည်နယ်အား အထွေထွေ လွှဲပြောင်း ထောက်ပံ့ငွေ ကျပ် ၁၅၈၂၈၂.၅၆၀ သန်းကို လွှဲပြောင်း ထောက်ပံ့ပြီး၊ ၎င်းပမာဏသည် ကချင်ပြည်နယ်၏ အဓိက ဘဏ္ဍာရင်းမြစ်ဖြစ်သည့်အပြင် စုစုပေါင်း ဘဏ္ဍာရင်းမြစ်၏ ၈၉% ရှိပါသည်။

### (ခ) အခွန်ဝေစုရငွေ (Tax Sharing)

ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့သော အခြားရငွေတစ်ခုမှ အခွန်ဝေစု ဖြစ်သည်။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုမှ ရရှိမည့် အခွန်ဝေစုမှ ကျပ်သန်းပေါင်း ၅၁၈၅.၉၃၈ သန်း ဖြစ်မည်ဟု လျာထားပြီး စုစုပေါင်း ဘဏ္ဍာရင်းမြစ်၏ ၃% ရှိသည် ။


### (ဂ) ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေအရ ပေးသည့် မဲဆန္ဒနယ် ဖွံ့ဖြိုးရေး ထောက်ပံ့ငွေ (Constituency Development Fund)

အခြားသော ဘဏ္ဍာရင်းမြစ်တစ်ခုမှာ ၂၀၁၄ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေအရ လွှဲပြောင်းထောက်ပံ့သော မဲဆန္ဒနယ် ဖွံ့ဖြိုးရေး ရန်ပုံငွေ ဖြစ်ပြီး မြို့နယ် တစ်မြို့နယ်အတွက် ကျပ်သန်း ၁၀၀ ရရှိကာ သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်က စီမံခန့်ခွဲသည်။ ကချင်ပြည်နယ်တွင် မြို့နယ် (၁၈) မြို့နယ်ရှိရာ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် အတွက် ကျပ်သန်းပေါင်း ၁၈၀၀ ရရှိသည်။

ဘောင်ကွက် ၁

## အခွန်ကောက်ခံရခြင်းနှင့် ပေးဆောင်ရခြင်းတို့၏ ရည်ရွယ်ချက်

အစိုးရတစ်ရပ်၏ အခန်းကဏ္ဍသည် ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ အကျိုးရှိစေမည့် ပြည်သူ့ ဝန်ဆောင်မှုများ ပံ့ပိုးပေးရန်ဖြစ်ပြီး၊ လမ်းတံတားများ တည်ဆောက်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုများပေးခြင်း၊ တရားဥပဒေ စိုးမိုးစေခြင်းစသည်တို့ ပါဝင်ပါသည်။ အစိုးရ၏ ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာရေးမှာ နိုင်ငံသားတစ်ဦးချင်းစီကပေးဆောင်သည့် အခွန်အပေါ် လည်း မှီခိုရ ပါသည်။ အခွန်ကို အချိန်နှင့်တပြေးညီ မှန်ကန်စွာပေးဆောင်ခြင်းကနိုင်ငံသားတစ်ဦးချင်း၊စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီအတွက်အကောင်းဆုံးအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ အစိုးရကလည်း ဒေသတစ်ခုလုံး၊ နိုင်ငံတစ်ခုလုံးကို ပိုမိုသာယာဝပြောသော အခြေအနေသို့ ရောက်ရှိစေရန် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။



အခန်း ၃

# ပြည်နယ်ဘတ်ဂျက်မှ အသုံးစရိတ်များ

## ၃.၁။ ပြည်နယ် အစိုးရ၏ အသုံးစရိတ်


အစိုးရ၏အသုံးစရိတ်များသည် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူရခြင်းအတွက်ဖြစ်ပြီး၊ ၎င်းတွင် ပြည်သူ့ရေးရာ ကဏ္ဍရင်းနှီးမြှုပ်နှံမှုများ ပါဝင်ပါသည်။ ကချင်ပြည်နယ်တွင် ပြည်နယ်အစိုးရဘတ်ဂျက်မှ အသုံးစရိတ်နှင့် ပြည်ထောင်စု အစိုးရဘတ်ဂျက်မှ အသုံးစရိတ်ဟူ၍ ခွဲခြားနိုင်ပါသည်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်အစိုးရ အသုံးစရိတ်လျာထားချက်မှာ သာမန် အသုံးစရိတ်သည် ကျပ် ၄၀၈၉၃.၆၅၂ သန်း ဖြစ်ပြီး၊ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ် ၁၃၆၉၁၂.၄၈၂ သန်း ဖြစ်သည်။



## ၃.၂။ ပြည်နယ်အသုံးစရိတ်များတွင် ကဏ္ဍအလိုက် ပါဝင်မှုများ
### (သာမန်နှင့်ငွေလုံးငွေရင်း အသုံးစရိတ်)

| အမည် | ကျပ်သန်းပေါင်း | စုစုပေါင်း အသုံးစရိတ်တွင် ပါဝင်ရာခိုင်နှုန်း |
|---|---|---|
| ဗဟိုအဖွဲ့အစည်းများ | ၇၀၈၀၄.၃၆၀ | ၄၀% |
| ပြည်ထဲရေး | ၁၂၂၀၆.၉၅၄ | ၇% |
| စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၅၃၃၆.၅၅၀ | ၃% |
| သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၂၃၈၄.၃၈၂ | ၁% |
| လျှပ်စစ်နှင့် စွမ်းအင် | ၁၅၀၆၀.၀၀၀ | ၈% |
| ပြည်နယ် ကုန်တင်ကုန်ချ ကော်မတီရုံး | ၉၆.၄၀၇ | ၀% |
| ကျန်းမာရေးနှင့် အားကစား | ၂၇၁၂.၀၆၅ | ၂% |
| စီမံကိန်းနှင့် ဘဏ္ဍာရေး | ၃၃၈၀.၄၉၉ | ၂% |
| ဆောက်လုပ်ရေး | ၅၄၉၅၉.၉၆၅ | ၃၁% |
| စည်ပင်သာယာရေး | ၁၀၈၆၄.၉၅၂ | ၆% |
| စုစုပေါင်း | ၁၇၇၈၀၆.၁၃၄ | ၁၀၀.၀၀% |



| ဌာန၊ အဖွဲ့အစည်းများ | သာမန် အသုံးစရိတ် (ကျပ်သန်းပေါင်း) | ငွေလုံးငွေရင်း အသုံးစရိတ် (ကျပ်သန်းပေါင်း) |
|---|---|---|
| ဗဟိုအဖွဲ့အစည်းများ | | |
| ပြည်နယ်အစိုးရအဖွဲ့ | ၁၀၄၄၆.၈၆၇ | ၅၆၅၃၀.၁၁၆ |
| ပြည်နယ်လွှတ်တော်ရုံး | ၁၂၄၂.၈၈၉ | ၃၃၂.၂၅၇ |
| ပြည်နယ်တရားလွှတ်တော် | ၅၉.၉၅၇ | |
| ပြည်နယ်ဥပဒေချုပ်ရုံး | ၅၃၇.၈၄၂ | ၂၄၁.၉၇၁ |
| ပြည်နယ်စာရင်းစစ်ချုပ်ရုံး | ၁၀၂၄.၇၁၁ | ၃၈၇.၇၅၀ |
| ပြည်ထဲရေး | | |
| အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၆၁၂၂.၈၆၀ | ၁၈၅၁.၈၆၆ |
| အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၃၂၈.၂၈၂ | ၃၂.၉၁၀ |
| မီးသတ်ဦးစီးဌာန | ၂၀၀၀.၉၆၄ | ၁၈၇၀.၀၇၂ |
| စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | | |
| စိုက်ပျိုးရေးဦးစီးဌာန | ၂၁၀၁.၈၆၀ | ၁၀၀၀.၀၀၀ |
| ငါးလုပ်ငန်းဦးစီးဌာန | ၂၆၂.၂၄၀ | ၂၉၄.၅၀၀ |
| မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၅၆၂.၈၁၄ | ၅၈.၀၀၀ |
| သမဝါယမဦးစီးဌာန | ၆၀၃.၂၈၀ | ၂၅၀.၀၀၀ |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၆၃.၅၇၃ | ၃၈.၃၃၀ |
| ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း | ၇၈.၈၂၃ | ၂၃.၁၃၀ |
| သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး | | |
| သစ်တောဦးစီးဌာန | ၁၀၆၀.၅၄၉ | ၃၂၁.၈၅၀ |
| ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၄၃၅.၉၂၅ | ၃၈၄.၀၀၀ |
| သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာနခွဲ) | ၁၄၂.၁၈၁ | ၃၉.၈၇၇ |
| လျှပ်စစ်နှင့် စွမ်းအင် | | |
| လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၆၆.၅၀၀ | ၁၄၉၉၃.၅၀၀ |
| ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံး | ၁၈.၃၃၇ | ၇၈.၀၇၀ |
| ကျန်းမာရေးနှင့် အားကစား | | |
| အားကစားနှင့်ကာယပညာဦးစီးဌာန | ၆၀၈.၈၄၀ | ၂၁၀၃.၂၂၅ |
| စီမံကိန်းနှင့်ဘဏ္ဍာရေး | | |
| ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | ၆၃.၁၅၈ | ၆၃၈.၂၇၀ |
| စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၆၂၄.၉၅၂ | ၁၁၀၂.၄၅၇ |
| ဗဟိုစာရင်းအင်းအဖွဲ့ | ၁၅၁.၉၀၆ | ၃၉၃.၇၉၀ |
| ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၁၂၃.၆၅၆ | ၂၈၂.၃၁၀ |
| ဆောက်လုပ်ရေး | | |
| မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၃၀၂.၀၂၀ | ၅၁၀၈.၈၆၅ |
| လမ်းဦးစီးဌာန | ၆၄၁၅.၂၇၄ | ၄၃၁၃၃.၈၀၆ |
| စည်ပင်သာယာရေးအဖွဲ့ | ၅၄၄၃.၃၉၂ | ၅၄၂၁.၅၆၀ |

# ၃.၃။ သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်


## (က)သာမန် အသုံးစရိတ်

သာမန် အသုံးစရိတ်တွင် ပြည်နယ် အစိုးရ ဝန်ထမ်းများအတွက် ကျခံ သုံးစွဲသည့် လစာနှင့် စရိတ်၊ ပြင်ဆင်ထိန်းသိမ်း စရိတ်မှာ ၃၇.၂၉% နှင့် ၃၇.၅၂% အသီးသီးရှိကြပြီး သာမန်အသုံးစရိတ် စုစုပေါင်း၏ ၇၀% ကျော်ကို အသုံးပြုထားသည်။ အခြား သာမန် အသုံးစရိတ်များတွင် ပစ္စည်းများ ဝယ်ယူခြင်း၊ ဆောင်ရွက်ခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် ခရီးသွားလာ ကုန်ကျစရိတ်များ ပါဝင်ပါသည်။


| သာမန်အသုံးစရိတ် | (ကျပ်သန်းပေါင်း) | ရာခိုင်နှုန်း |
|---|---:|:---:|
| လစာ၊ စရိတ်၊ ချီးမြှင့်ငွေစသည်များ | ၁၅၂၄၉.၅၉၁ | ၃၇.၂၉% |
| ခရီးသွားလာစရိတ် | ၁၁၂၆.၅၈၀ | ၂.၇၆% |
| ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက်<br>ကုန်ကျစရိတ်နှင့်လုပ်အားခ | ၆၅၁၀.၈၁၃ | ၁၅.၉၂% |
| ပြင်ဆင်ထိန်းသိမ်းစရိတ် | ၁၅၃၄၁.၆၅၄ | ၃၇.၅၂% |
| ပညာရေးနှင့်လူမှုရေးအသုံးစရိတ် | ၄၉၅.၆၅၅ | ၁.၂၁% |
| ဧည့်ခံကျွေးမွေးစရိတ် | ၁၉၅.၅၂၇ | ၀.၄၈% |
| အစိုးရဝန်ထမ်းအကျိုးခံစားခွင့် (ပင်စင်) | ၈၇.၃၃၂ | ၀.၂၁% |
| လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ | ၁၈၀၀.၀၀၀ | ၄.၄၀% |
| ထောက်ပံ့ငွေအသုံးစရိတ် | ၂၀.၀၀၀ | ၀.၀၅% |
| စီမံသုတေသနနှင့် ရောင်းချဖြန့်ဖြူးစရိတ် | ၆၁.၃၀၀ | ၀.၁၅% |
| ထုတ်လုပ်မှုစရိတ် | ၅.၂၀၀ | ၀.၀၁% |
| စုစုပေါင်း အသုံးစရိတ် | ၄၀၈၉၃.၆၅၂ | ၁၀၀% |

(ခ) ငွေလုံးငွေရင်း အသုံးစရိတ်

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဦးစီးဌာနအလိုက် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက် (ကျပ်သန်းပေါင်း)**




**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကဏ္ဍအလိုက် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက် (ကျပ်သန်းပေါင်း)**




အခြားတွင် ပါဝင်သည်များ
ရုံးသုံးပရိဘောဂများ ၀.၁၇%
ရုံးသုံး ယာဉ်များ ၀.၀၂%

# နိဂုံးချုပ်အမှာစကား

ကချင်ပြည်နယ် အစိုးရ၏ ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု ပထမဆုံး ခြေလှမ်းအဖြစ် ထုတ်ဝေလိုက်သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် ရသုံးခန့်မှန်းခြေ ငွေစာရင်းစာစောင်ကို ပြည်သူအများ ဖတ်ရှုလေ့လာပြီး အကြံပြုဆွေးနွေးမှုများကို မျှော်လင့်မိပါသည်။ ပြည်သူများ၏ အသံကသာ အစိုးရတစ်ရပ်အတွက် လမ်းညွှန်ချက် ဖြစ်သဖြင့် ဤစာစောင်ကို ဖတ်ရှုပြီး ဘတ်ဂျက်စက်ဝန်း အသစ်၏ လုပ်ငန်းစဉ်များတွင် ပြည်သူအများ၏ တန်ဖိုးရှိသော အမြင်များ၊ ထိရောက်သော ရသုံးခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲမှုများ ဖြစ်လာစေရန် မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး လုပ်ငန်းများတွင် အကြံပြု တင်ပြမှုများကိုလည်း မျှော်မှန်းမိပါသည်။

ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ လည်းကောင်း၊ ဤစာစောင်နှင့် ပတ်သက်၍ အကြံပြုလိုလျှင်လည်းကောင်း ကချင်ပြည်နယ် ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာနသို့ စုံစမ်းမေးမြန်းအကြံပြုနိုင်ပါသည်။

ဖုန်း - ၀၇၄ ၂၅၂၉၄၂၄
အီးမေးလ် - budgetdepartment.kcs@gmail.com

# ကျမ်းကိုးစာရင်း

၁။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်ကချင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ
၂။ ပြည်ထောင်စု၏ ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များ
၃။ Renaissance Institute ၏ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဘတ်ဂျက်အကျဉ်းချုပ်အစီရင်ခံစာများ
၄။ Renaissance Institute ၏ ဘတ်ဂျက်လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ခွင့်ရစေမည့် ပြုပြင်ပြောင်းလဲမှုများ
၅။ The Asia Foundation ၏ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ အဓိပ္ပာယ်နှင့် အသုံးအနှုန်းများ
၆။ Renaissane Institute နှင့် The Asia Foundation တို့မှ ထုတ်ဝေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရသုံးခန့်မှန်းခြေ ငွေစာရင်း စာစောင်များ

# ပြည်သူ့ငွေစာရင်းစာစောင်အား လေ့လာဆန်းစစ်ချက် မေးခွန်းလွှာ

(ဤ မေးခွန်းလွှာကို ဖြေဆိုပြီးနောက် ပြန်လည်ပေးပို့ပါရန် ပန်ကြားအပ်ပါသည်။)

☐ အမျိုးသမီး

☐ အမျိုးသား

၁။ ဤ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် Citizen's Budget ကို သင်မည်သို့ ရရှိခဲ့ပါသနည်း။ သင့်အနေဖြင့် အဖြေကို တစ်ခုထက်ပို၍ ရွေးချယ်နိုင်ပါသည်။

☐ အစိုးရအဖွဲ့

☐ လွှတ်တော်

☐ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှုးရုံး

☐ အရပ်ဖက်အဖွဲ့အစည်း

☐ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်များ

☐ အခြား၊ ဖော်ပြပေးပါရန် --------------------------------

၂။Citizen's Budget သည် နားလည်ရလွယ်ပါသလား

☐ အလွန်လွယ်ကူပါသည်

☐ လွယ်ကူပါသည်

☐ ခက်လည်းမခက် လွယ်လည်းမလွယ်ပါ

☐ အနည်းငယ် ခက်ပါသည်

☐ အလွန်ခက်ပါသည်

၃။ ဤ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် Citizen's Budget စာအုပ်တွင် သင်သိလိုသော ဘတ်ဂျက်ဆိုင်ရာ သတင်းအချက်အလက်များ ပြည့်စုံစွာ ပါဝင်ပါသလား။

☐ အလွန်ပြည့်စုံစွာပါဝင်ပါသည်

☐ သိချင်သော အချက်အလက်များ အားလုံးနီးပါး ပါဝင်ပါသည်

☐ အနည်းငယ် ပါဝင်ပါသည်

☐ လုံးဝ မပါဝင်ပါ

☐ ဘယ်လို သတင်းအချက်အလက်မျိုး ပါဝင်သည်ကို မသိပါ

၄။ Citizen's Budget ကို စာအုပ်ပုံဖြင့် ထုတ်ဝေခြင်းအပြင် အခြား မည်သို့သော ပုံစံဖြင့် သတင်းအချက်အလက်များကို မျှဝေစေလိုပါသလဲ။ သင့်အနေဖြင့် အဖြေကို တစ်ခုထက်ပို၍ ရွေးချယ်နိုင်ပါသည်။

☐ အခြားပုံစံများအကြံပြုရန်မရှိပါ စာအုပ်ပုံစံဖြင့် ကောင်းပါသည်

☐ လက်ကမ်းစာစောင်

☐ ဗီဒီယိုများ

☐ Facebook မှ ဖြန့်ဝေခြင်း

☐ Viber မှ ပေးပို့ခြင်း

☐ အစိုးရ သတင်းဌာနများ

☐ ပြည်တွင်းအဖွဲ့အစည်းများ၏ သတင်းဝက်ဘ်ဆိုက်တွင် လွှင့်တင်ခြင်း

☐ သတင်းအချက်အလက်များကိုအခြားသောတင်ပြမှုပုံစံများဖြင့် မျှဝေစေလိုက ဖော်ပြပါရန်----------------

၅။ ဤ Citizen's budget ၏ သတင်းတင်ပြမှု ပုံစံနှင့် ပတ်သက်၍ မည်သို့သော သတင်းတင်ပြမှု ပုံစံမျိုးကို သင် နှစ်သက်သနည်း။ သင့်အနေဖြင့် အဖြေကို တစ်ခုထက်ပို၍ ရွေးချယ်နိုင်ပါသည်။

☐ ဒေတာ အချက်အလက်များကို သရုပ်ဖော် ကားချပ်များဖြင့် ဖော်ပြခြင်း
☐ ဂရပ်ဖ်များ
☐ ကာတွန်းရုပ်ပုံများ
☐ စာရင်းဇယားပုံစံများ
☐ လှုပ်ရှားသက်ဝင်နေသော ရုပ်ပုံများ ဖြင့် တင်ဆက်ခြင်း

၆။ သင် မည်သည့်အလုပ်ကို လုပ်ကိုင်ပါသနည်း

☐ အစိုးရ ဝန်ထမ်း
☐ ကုမ္ပဏီ ဝန်ထမ်း
☐ ကိုယ်ပိုင် လုပ်ငန်း
☐ အရပ်ဘက် လူမှု အဖွဲ့အစည်းများ
☐ အကျိုးအမြတ်မယူသော ပြည်တွင်း/ နိုင်ငံတကာ အဖွဲ့အစည်းများ

၇။ ဤ Citizen's budget ပါ သတင်းအချက်အလက်များသည် သင့် အလုပ်အတွက် အသုံးဝင်ပါသလား

☐ အလွန် အသုံးဝင်ပါသည်
☐ အသုံးဝင်ပါသည်
☐ အသုံးဝင်သည်လည်းမဟုတ် အသုံးမဝင်သည်လည်း မဟုတ်ပါ
☐ အနည်းငယ် အသုံးမဝင်ပါ
☐ လုံးဝ အသုံးမဝင်ပါ

၈။ Citizen's Budget တွင် ဘတ်ဂျက်နှင့်ဆိုင်သော မည်သည့်အကြောင်းအရာကို သင်စိတ်အဝင်စားဆုံး ဖြစ်ပါသနည်း သင့်အနေဖြင့် အဖြေကို တစ်ခုထက်ပို၍ ရွေးချယ်နိုင်ပါသည်။

☐ ရငွေများ
☐ သာမန်သုံးငွေများ
☐ ငွေလုံးငွေရင်း အသုံးစရိတ်များ
☐ ဌာနဆိုင်ရာအသုံးစရိတ်များ
☐ အခြား၊ ဖော်ပြပေးပါရန် -----------------------------

၉။ Citizen's Budget စာစောင်များကို မည်သည့်နည်းလမ်းဖြင့် ဖြန့်ဝေခြင်းက ပြည်သူလူထုလက်ဝယ်သို့ သတင်းအချက်အလက်များ ပိုမို ပျံ့နှံ့ရောက်ရှိမည်ဟု ထင်မြင်ပါသနည်း။ (သင့်အနေဖြင့် အဖြေကို တစ်ခုထက်ပို၍ ရွေးချယ်နိုင်ပါသည်)

☐ တိုင်းဒေသကြီးအစိုးရ၏ အင်တာနက်စာမျက်နှာ
☐ အင်တာနက် လူမှုကွန်ယက် စာမျက်နှာ
☐ လွှတ်တော်ကိုယ်စားလှယ်များ
☐ ရပ်ကွက်/ကျေးရွာ/ ကျောင်း စာကြည့်တိုက်များ
☐ ရပ်ကွက် /ကျေးရွာ အုပ်ချုပ်ရေးမှူးများ
☐ အခြား.................................

ကချင်ပြည်နယ် ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာန
မြစ်ကြီးနားမြို့
ဖုန်း - ၀၇၄ ၂၅၂၉၄၂၄
အီးမေးလ် - budgetdepartment.kcs@gmail.com

# လေ့လာဖတ်ရှုနိုင်သော အချက်အလက်များ

ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် (၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ)
https://www.mopf.gov.mm/my/page/finance/ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန/613

ပြည်ထောင်စုအစိုးရမှ တင်ပြသည့် ဘတ်ဂျက်အဆိုပြုလွှာနှင့် အထောက်အကူပြုစာစောင်များ
https://www.mopf.gov.mm/my/page/finance/ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန/1113

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာများ
https://www.mopf.gov.mm/my/page/finance/ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန/800

၂၀၁၈ ခုနှစ် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ
https://www.mopf.gov.mm/sites/default/files/upload_pdf/2018/08/Strategy%20%20Myan%20%28PDF%29.pdf

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း
https://www.mopf.gov.mm/sites/default/files/upload_pdf/2017/08/Financial%20Rules%20and%20Regulation.pdf

Renaissance Institute ၏ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဘတ်ဂျက်အကျဉ်းချုပ်အစီရင်ခံစာများ
https://rimyanmar.org/en/publication-category/budget-briefs

ဘတ်ဂျက်လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ခွင့်ရစေမည့် ပြုပြင်ပြောင်းလဲမှုများ
https://rimyanmar.org/sites/rimyanmar.org/files/publication_docs/participatory_budgeting_policy_brief_-_884_kb_1.pdf

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီမံကိန်းရေးဆွဲခြင်း၊ ရသုံးခန့်မှန်းခြေငွေ စာရင်းရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေလျာထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ရလဒ်များ
https://rimyanmar.org/sites/rimyanmar.org/files/publication_docs/s-r-planning-financing-and-budgeting-in-myanmar-burmese-version-final-for-press.pdf

ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ အဓိပ္ပာယ်နှင့် အသုံးအနှုန်းများ
https://asiafoundation.org/wp-content/uploads/2018/02/Public-Financial-Management-Glossary-Terms_Bilingual_28-feb-18.pdf

ကချင်ပြည်နယ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ
ပထမအကြိမ်အဖြစ် အုပ်ရေ (၂၀၀၀)
ထုတ်ဝေပါသည်။

The Asia Foundation